## ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အလုပ်ခန့်ထားရေး ကျင့်ဝတ် မူဝါဒ

ထိုင်းယူနီယံသည် စီးပွားရေးလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ဂုဏ်သိက္ခာ၊ ပွင့်လင်းမြင်သာမှု၊ နိုင်ငံတကာ လူ့အခွင့်အရေး နှင့် အဓိကကျသော အလုပ်သမား စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာ လျှက်ရှိသည်။ ကျွန်ုပ်တို့သည် လူကုန်ကူးမှု၊ အတင်းအဓမ္မ လုပ်သားပေး ခိုင်းစေမှု နှင့် ကလေးအလုပ်သမားရေး တို့နှင့် ပက်သက်၍ လုံးဝ သည်းမခံရေး မူဝါဒ ချမှတ်ထားသည်။

ကုမ္ပဏီသည် လူမျိုး၊ အသားအရောင်၊ လိင်ခြားနားမှု၊ ဘာသာရေး၊ နိုင်ငံရေးအမြင်၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေးဇစ်မြစ်တို့ အပေါ်တွင် ခွဲခြားဆက်ဆံမှု မရှိဘဲ တန်းတူညီမျှ အခွင့်အရေးပေးမှုကို မြှင့်တင်သည်။ ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများ အားလုံး ဤအလေ့အကျင့်ကောင်းများကို ကျင့်သုံးလိုက်နာစေသည်။

ကျွန်ုပ်တို့၏ အလုပ်ခန့်ထားရေး နှင့် ငှားရမ်းရေး လုပ်ငန်းစဉ်သည် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၊ စီးပွားရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန် လုပ်ထုံးလုပ်နည်းများ နှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင် စီးပွားရေး ဆိုင်ရာ ကျင့်ဝတ်များ၊ အလုပ်သမားရေးရာ ကျင့်ဝတ် ဝတ္တရားများကို လိုက်နာဆောင်ရွက်လျှက်ရှိသည်။ သင့်တော်သော လုပ်ငန်းဆောင်ရွက်မှု ထိန်းသိမ်းရေး နှင့်အတူ၊ အလုပ်သမားများကို ဥပဒေနှင့် အညီ ငှားရမ်းဆောင်ရွက်ရန်၊ ခွဲခြားဆက်ဆံခြင်း၊ လုပ်အားပေးခိုင်းစေခြင်း (အကြွေးဖြင့် ချည်နှောင်ခံရသော အလုပ်သမားများ)၊ ကလေးအလုပ်သမား ( တရားဥပဒေ အရ အနည်းဆုံးရှိရမည့် အသက်ထက် ငယ်ရွယ်သော)၊ လူကုန်ကူးမှု၊ အခြားလူမှုရေးတာဝန် အခက်အခဲများကို မရှိစေဘဲ ကျွန်ုပ်တို့က နိုင်ငံတကာ အဆင့်အတန်းနှင့် အညီ သေချာဆောင်ရွက်ပေးသည်။

## ရည်ရွယ်ချက်များ

ဤမူဝါဒ ၏ ရည်ရွယ်ချက်သည် အလုပ်ခန့်ထားရေး နှင့် ငှားရမ်းရေးကို ပညာရှင်ပီသစွာ၊ မျှတစွာ၊ ပွင့်လင်းမြင်သာမှု ရှိစွာ၊ ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒ တစ်စုံ ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ မူဝါဒသည် လုံခြုံသော ရွှေ့ပြောင်းနေထိုင်မှု အာမခံပေးရန်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးမှ ကလေးအလုပ်သမား၊ လူကုန်ကူးမှု နှင့် အလုပ်သမားပိုလျှံမှု ဖြစ်လာစေမှုကို လျှော့ချရန် ရည်ရွယ်သည်။ ၎င်းသည် ထိုင်းယူနီယံက ခံယူထားသော ဂုဏ်သိက္ခာ ဖြစ်သည်။ မူဝါဒသည် ရွှေ့ပြောင်းအလုပ်သမားတို့၏ ကုန်ကျစရိတ် နှင့် ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများ အကြား အလုပ်ခန့်ထားရေး လုပ်ငန်းစဉ်အတွင်း သင့်တင့်မျှတသော ကုန်ကျစရိတ်ဖြစ်ရေးအတွက် သေချာစေရန် ရှာဖွေပေးသည်။

## အမြင်

ဤမူဝါဒသည် ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများတွင် ရွှေ့ပြောင်းအလုပ်သမားတို့အတွက် အလုပ်ခန့်ထားရေး နှင့် ငှားရမ်းရေး အကြောင်းခြင်းရာများအားလုံး လွှမ်းခြုံပါဝင်သည်။

ဤမူဝါဒ၏ ရည်ရွယ်ချက်အတွက် အလုပ်ခန့်ထားရေး ဆိုသည်မှာ "လစ်လပ် အလုပ်အကိုင် ရှိသည့်အခါတိုင်း၊ အရင်းအမြစ် ရှာဖွေခြင်း နှင့် ငှားရမ်းခြင်း လုပ်ငန်းဆောင်တာသည် လိုအပ်သည်။"

## ရွှေ့ပြောင်းအလုပ်သမား

ရွှေ့ပြောင်းအလုပ်သမားများသည် ပုံမှန်အားဖြင့် အတည်ပြုထားသော၊ မှတ်ပုံတင်ထားသော၊ လိုင်စင်ရှိသောအလုပ်သမားရှာဖွေရေးကုမ္ပဏီမှသာ ဖြစ်ရမည်။ ဒါမှမဟုတ် အလုပ်သမားများမှ ထိုင်းယူနီယံသို့ တိုက်ရိုက် လျှောက်ထားခြင်း ဖြစ်ရမည်။ အကယ်၍ ထိုင်းယူနီယံမှ အလုပ်သမားများတိုက်ရိုက်ခေါ်၍ရသောအခြေနေမျိုးဆိုလျှင်အလုပ်သမားရှာဖွေရေးကုမ္ပဏီအား အသုံးမပြုဘဲ နှင့် ထိုင်းယူနီယံတိုက်ရိုက်ခေါ်ဆောင်မည် ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများ သည် ရွှေ့ပြောင်းအလုပ်သမား ခန့်ထားရေးနှင့် ဆက်စပ်၍ ကြိုက်နှစ်သက်သော အလုပ်ရှာဖွေပေးသူများနှင့် သဘောတူညီထားချက်ရှိလျှင်၊ အလုပ်သမားအားလုံးသည် အခြားကြားခံအဖွဲ့အစည်းများမှ သာဖြစ်ရမည်။

အလုပ်သမားရှာဖွေရေးကုမ္ပဏီအသုံးပြုခြင်းသည် ဒေသခံမှ ခွင့်ပြုချက် နှင့်သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်၍ သဘောတူညီချက်အသစ်သို့မဟုတ် စာချုပ်သက်တမ်းကုန်သည့်အထိ လိုက်နာဆောင်ရွက်ရမည်။

ထိုင်းယူနီယံ သည် ပြည်တွင်းဥပဒေများ ၁) အလုပ်သမား အဆင့်အတန်း သတ်မှတ်ချက် ၂) ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး ၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှု ၄) စီးပွားရေးဆိုင်ရာ ကိုယ်ကျင့် သိက္ခာ စသော နိုင်ငံတကာ လက်ခံကျင့်သုံးနေသော စံသတ်မှတ်ချက်များ ညှိနိုင်းဆောင်ရွက်ကာ ထိုင်းယူနီယံ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊အလုပ်သမားရေးရာ ကျင့်ဝတ်ဝတ္တရားများနှင့်အတူ အလုပ်သမား ရှာဖွေရေး ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းများနှင့်အညီ မည်သည့် အလုပ်သမားရှာဖွေရေးအဖွဲ့အစည်းများကိုမဆို ထိုင်းယူနီယံ ဝန်ထမ်းများက Auditစစ်ဆေးခြင်း ရှိပြီးကျင့်ဝတ် ဝတ္တရားများ ( နှင့် ဆက်စပ်သော တခြား လိုအပ်ချက်များ) ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိ နှင့် ၎င်း ကျင့်ဝတ် ဝတ္တရားများ သိရှိလိုက်နာ ဆောင်ရွက်ပါ့မည် ဟု သဘောတူ လက်မှတ်ရေးထိုးထားမှု မရှိ မခြင်း ၎င်းအဖွဲ့အစည်းများကို အသုံးပြု၍ မရပါ။ ကျွန်ုပ်တို့ ကျင့်ဝတ် ဝတ္တရားများ ကို လေးစားလိုက်နာခြင်း၊ မျှတမှုရှိခြင်း နှင့် တရားဥပဒေ နှင့်အညီ လေ့ကျင့်ဆုံးဖြတ်ခြင်းကို ဆက်လက်သေချာစေရန်၊ ဝန်ဆောင်မှုပေးရာတွင် ဆက်လက်တိုးတက်စေရန် ထိုင်းယူနီယံ နှင့် ကျွန်ုပ်တို့ ၏ မိတ်ဖက်အန်ဂျီအို ( အစိုးရ မဟုတ်သော အဖွဲ့အစည်းများ) Auditစစ်ဆေးခြင်းသည် အမြဲမပြတ် စစ်ဆေးနေသော လုပ်ငန်းစဉ် ဖြစ်သည်။

## လုပ်ငန်းစဉ်

1. ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများသည် အလုပ်အကိုင် နှင့် ပက်သက်သော သတင်းအချက်အလက်များ၊ အလုပ် ၏ ယေဘုယျ အခြေအနေများ နှင့် လစာပေးအပ်မှု တို့နှင့်အတူ၊ အလုပ်သမားနှင့် ထိုင်းယူနီယံတို့က အသီးသီး ကုန်ကျမည့် အထူး အလုပ်ခန့်ထားရေး ကုန်ကျမှုများ (ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများက အလုပ်သမားရှာဖွေရေးကုမ္ပဏီသို့ ပေးသည့် အခကြေးငွေ နှင့် အခြား အခြေအနေများ နှင့် သဘောတူညီချက်များကို အလုပ်သမားရှာဖွေရေးကုမ္ပဏီ နှင့်လည်း ကြိုတင် နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရယူထားရမည်။) ကို အတည်ပြုထားသော အလုပ်ခန့်ထားရေးအေဂျင်စီသို့ အသိပေးမည်။

2. ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများက တောင်းဆိုထားမှု၊ အလုပ်ခန့်ထားရေး သတ်မှတ်ချက်များ နှင့် အခြား လိုအပ်ချက်များပေါ် အခြေခံ၍ အလုပ်သမားရှာဖွေရေးကုမ္ပဏီများသည် ကြိုတင်ရွေးချယ်မှုများအတွက် အလုပ်လျှောက်ထား သူများကို အင်တာဗျူးစစ်ဆေးပါမည်။

3. ကြိုတင်အင်တာဗျူရွေးချယ်ခံရသော အလုပ်လျှောက်ထားသူများ၏ အလုပ်လျှောက်လွှာများကို ရေးသားဖြည့်စွက်၍၊ ကျွမ်းကျင်မှုအား ဆက်လက် လူတွေစစ်ဆေး၍ အောင်မြင်သောသူများကို လူရွေးစာရင်း ထုတ်ပြန်ကြေငြာမည်။

4. ပဏာမ လူရွေးစာရင်း ထုတ်ပြန်ကြေငြာထားသည့် လျှောက်လွှာများကို နောက်ဆုံးအဆင့် ရွေးချယ်မှု အတွက် ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများသို့ ပြသမည်။

5 အလုပ်သမားရှာဖွေရေးကုမ္ပဏီများသည် ရွေးချယ်ခံထားသော အလုပ်သမားကို ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် အလုပ်ခန့်ထားမှု၏ သတ်မှတ်ချက် နှင့် အခြေအနေ ရှင်းလင်းစွာ နားလည်စေအောင် နှင့် လွတ်လပ်စွာ လက်ခံနိုင်အောင် အလုပ်မခန့်ထားမှီ အသိပေးရမည်။(သို့မဟုတ် အလုပ်သမား နားလည်သော ဘာသာစကား၊ လက်ခံနိုင်သော သက်ဆိုင်ရာ ဘာသာစကားအားလုံးကို သုံးရမည်။) ရွေးချယ်ခံထားသော အလုပ်သမားကို အလုပ်ခန့်ထားမှု စာချုပ် ပြသ၍ သဘောတူလက်မှတိထိုးရမည်။

6. အလုပ်သမားအား သက်ဆိုင်ရာ ဘာသာစကားဖြင့် ရေးသားထားသော လိုအပ်သော အလုပ်ခန့်ထားမှု စာချုပ် မိတ္တူများအားလုံး ပေးအပ်ရမည်။

7. အလုပ်ခန့်ထားမှု ၏ သတ်မှတ်ချက် နှင့် အခြေအနေ၊ ယဉ်ကျေးမှု၊ ဘေးကင်းလုံခြုံရေး၊ စောဒက တက်နိုင်မှု ယန္တရား၊ ထိုင်းနိုင်ငံ တွင် အလုပ်လုပ်ကိုင်မှု နှင့် နေထိုင်မှုအတွက် သက်ဆိုင်ရာ ဥပဒေများ စသည်တို့ ပါဝင်သော ပြည်တွင်းမှ မထွက်ခွာမှီ ရှေးဦးသင်တန်း ကို စာမေးပွဲအောင်မြင်သော အလုပ်လျှောက်ထားသူများသို့ ပေးအပ်ထားလိမ့်မည်။

8. ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများ နှင့် အတည်ပြုထားသော အလုပ်သမားရှာဖွေရေးကုမ္ပဏီ များသည် အလုပ်ရှင်ဘက်က ရွေးချယ်ထားပြီးသော အလုပ်လျှောက်ထားသူများနှင့် ပက်သက်၍ အောက်ပါ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရန် လူဝင်မှု ကြီးကြပ်ရေး နှင့် အခြား အာဏာပိုင်များနှင့် ညှိနိုင်ဆောင်ရွက် ရမည်။

» ပြည်ဝင်ခွင့် ဗီဇာ (သို့မဟုတ်) ဝင်ရောက်ခွင့် (သို့မဟုတ်) ထွက်ခွာခွင့် အခြားပုံစံ၊

» အလုပ်လုပ်ခွင့် လက်မှတ် (သို့မဟုတ်) မူရင်းနိုင်ငံ အလုပ်သမားကဒ်ပြား၊

» ကျန်းမာရေး အာမခံ (သို့မဟုတ်) ကျန်းမာရေး ဝန်ဆောင်မှု လက်မှတ်၊

» အလုပ်လုပ်ခွင့် လက်မှတ် အတွက် အခြား လိုအပ်သော လုပ်ဆောင်မှု မဆို၊

**အလုပ်လျှောက်ထားမှု အခကြေးငွေ**

ထိုင်းယူနီယံသည် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လျှောက်ထားမှု အခကြေးငွေ လုံး၀ မယူခြင်းဆိုသည့်နီယာမကိုလိုက်နာခြင်း ဆိုလိုသည်မှာ အလုပ်လျှောက်ထားမှု ဝန်ဆောင်မှု အခကြေးငွေအား ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများက ကျခံမည် ဖြစ်သည်။ ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများ နှင့် အလုပ်သမားရှာဖွေရေးကုမ္ပဏီ တို့ကြား ကြိုတင် သဘောတူညီချက်ကို ကျော်လွန်၍ အလုပ်သမားရှာဖွေရေးကုမ္ပဏီတိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံ ကိုယ်စားလှယ်များက သွယ်ဝိုက်၍ ဖြစ်စေ တရားမဝင်၊ ပုံမှန် မဟုတ်သော အခကြေးငွေများကို ကောက်ခံခဲ့ပါက ထက်ပါ လုပ်ထုံးလုပ်နည်းများအတိုင်း သဘောတူညီချက် ရပ်ဆိုင်းပါမည်။ အလုပ်သမားရှာဖွေရေးကုမ္ပဏီသည်လည်း အလုပ်လျှောက်ထားသူသို့ ပုံမှန်မဟုတ်သော အခကြေးငွေများအားလုံး ကိုလည်း ပြန်လည်ပေးအပ်ရမည်။

- ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများမှ ပေးမည်ကုန်ကျစရိတ်

  ၁။ အောက်ပါတို့ ပါဝင်သော အလုပ်ခန့်ထားမှု အခကြေးငွေများ အားလုံး၊

  • စာချုပ် ပြင်ဆင်မှု ( သို့မဟုတ်) စာချုပ် လက်မှတ်ထိုး အခမ်းအနား ကုန်ကျစရိတ်များ၊

  • ထောက်ခံစာ နှင့် အတည်ပြု စာရွက်စာတမ်းများ ကုန်ကျစရိတ်၊

  ၂။ သတ်မှတ်ထားသော သင်တန်းရက်စွဲအတွင်း ကျင်းပသော နေထိုင်မှု နှင့် အစားအသောက် အပါအဝင် ပြည်တွင်မှ မထွက်ခွာမှီ ရှေးဦးသင်တန်း ကုန်ကျစရိတ်များ၊

  ၃။ မူလနိုင်ငံတွင် သတ်မှတ်ထားသော ထွက်ခွာစုရပ် ( ဥပမာ- ရန်ကုန်)၊ ထိုင်နိုင်ငံ နယ်စပ်ထိ၊ ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ စက်ရုံများထိ ခရီးထွက်ခွာစဉ် အတွင်း အစားအသောက် နှင့် သောက်သုံးရေ ကုန်ကျစရိတ်များ၊

  ၄။ ထိုင်းနိုင်ငံ နယ်စပ် (သို့မဟုတ်) ပြည်တွင်းမှ မထွက်ခွာမှီ ရှေးဦးသင်တန်း မှ ထိုင်းယူနီယံ (သို့မဟုတ်) ၎င်း၏ လက်ခွဲစက်ရုံများ သို့ သယ်ယူပို့ဆောင် စရိတ်များ၊

  ၅။ ယူနီဖောင်း၊ ကျန်းမာရေး နှင့် ဘေးကင်း လုံခြုံရေး ဆိုင်ရာ ဆက်စပ်ပစ္စည်းများ ကုန်ကျစရိတ်များ၊

- အလုပ်သမား က ပေးရမည့် ကုန်ကျစရိတ်

  ၁။ မိခင်နိုင်ငံတွင်

  • နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့် ဗီဇာ၊ ဓာတ်ပုံ နှင့် လျှောက်လွှာပုံစံကြေး အပါအဝင် ပြည်ဝင်ခွင့် ဗီဇာ လျှောက်ထားမှု ကုန်ကျစရိတ်၊

  • ကျန်းမာရေး ဝန်ဆောင်ခ နှင့် ကျန်းမာရေး စစ်ဆေးမှု ကုန်ကျစရိတ်များ၊

  • အလုပ်သမားကဒ် (သို့မဟုတ်) မူရင်းနိုင်ငံ က လိုအပ်သော စာရွက်စာတမ်း ကုန်ကျစရိတ်များ၊

  • အင်တာဗျူး အသွားအပြန်၊ နိုင်ငံကူးလက်မှတ် လျှောက်ထားမှု၊ ပြည်တွင်းမှ မထွက်ခွာမှီ ရှေးဦးသင်တန်း၊ စာချုပ် လက်မှတ်ရေးထိုးခြင်း နှင့် သဘောတူထားသော ထွက်ခွာစုရပ်သို့၊ ထိုင်းနိုင်ငံ သို့ ခရီးထွက်ခွာစဉ် မူလနိုင်ငံအတွင်း ခရီးသွား နှင့် အစားအသောက် ကုန်ကျစရိတ်များ၊

  • အင်တာဗျူး၊ နိုင်ငံကူး လက်မှတ် လျှောက်ထားမှု နှင့် စာချုပ်လက်မှတ်ရေးထိုးခြင်း အတွင်း နေထိုင်မှု စရိတ်များ၊

  ၂။ လက်ခံနိုင်ငံ-ထိုင်းနိုင်ငံတွင်

  • ပြည်ဝင်ခွင့် ဗီဇာ ကုန်ကျစရိတ်များ၊

  • အလုပ်လုပ်ကိုင်ခွင့် အခကြေးငွေ၊

  • ပြည်ဝင်ခွင့် ဗီဇာ ၊

  • ကျန်းမာရေးစစ်ဆေးမှု အပါအဝင်

  • ပထမ ၂ နှစ် အလုပ်ခန့်ထားမှု ကာလပြီးနောက် နောက်ထပ် ၂ နှစ် အလုပ်ခန့်ထားမှုတိုင်း အတွက် အလုပ်လုပ်ကိုင်ခွင့် စာရွက်စာတမ်း သက်တန်းတိုးဆောင်ရွက်မှု အခကြေးငွေများ၊

  • နောက်ထပ် အလုပ်ခန့်ထားမှု နှင့် ပက်သက်သော အခြား ကုန်ကျစရိတ်များ၊

• စာရွက်စာတမ်း နှင့် အလုပ်ရှာဖွေရေး ဝန်ဆောင်မှု အခကြေးငွေ နှင့် အတူ ကုန်ကျစရိတ်များ အကြောင်း ပွင့်လင်း မြင်သာမှု ရှိစေရန် အလုပ်သမားရှာဖွေရေးကုမ္ပဏီ များသည် ထိုင်းယူနီယံ နှင့် ၎င်း၏ လက်ခွဲ ကုမ္ပဏီများသို့ နောက်ဆုံး (သို့မဟုတ်) ညှိနိုင်းထားသော ကောက်ခံထားငွေများ နှင့် စီးပွားရေး သဘောတူညီချက်များကို မျှဝေ အသိပေးရန် ဆက်လက် လုပ်ဆောင်ပေးသင့်သည်။

• တစ်ဆင့် အေဂျင့် ကိုယ်စားလှယ်များ က အလုပ်သမားအပေါ် ထိုင်းယူနီယံ၊ ၎င်း၏ လက်ခွဲ ကုမ္ပဏီများ နှင့် အလုပ်ရှာဖွေရေး အလုပ်သမားရှာဖွေရေးကုမ္ပဏီများကြား သဘောတူညီထားမှုကို ကျော်လွန်၍ တခြား အပိုဆောင်းငွေ မကောက်ခံစေရေး အတွက်၊ အလုပ်သမားရှာဖွေရေးကုမ္ပဏီ ကိုယ်စားလှယ်များအား မူဝါဒ နှင့် လုပ်ငန်းစဉ် ချမှတ်ထားရပြီး (Subagent) အေဂျင့် ကိုယ်စားလှယ်များ၏လုပ်ငန်းဆောင်ရွက်မှု အပေါ် ထိရောက်သော အချိန်ကိုက် စောင့်ကြည့်လေ့လာရေး လုပ်ဆောင်ရမည်။

**စောင့်ကြည့်လေ့လာခြင်း**

ရွှေ့ပြောင်းအလုပ်သမားသည် အကြံပေး၊တိုင်ကြားမှုနည်းလမ်းကြောင်းများမှတစ်ဆင့် အလုပ်သမားရှာဖွေရေး၏စောင့်ကြည့်လေ့လာမှုရှိပြီး ဤစောင့်ကြည့်ခြင်းသည် ကုမ္ပဏီ၏အတွင်းဝန်ထမ်းများ၏လျှို့ဝှက်စွာအချက်အလက်များကို သိမ်းထားပေးပြီး ထို့အပြင် ရွှေ့ပြောင်း အလုပ်သမား အခွင့်အရေးကွန်ယက် NGO(MWRN ISSARA)မှ ပူးပေါင်းပါဝင်သောစုံစမ်းစစ်ဆေးမှု နှင့်အလုပ်သမားများစုပေါင်းတည်ထောင် ထားသော လူမှုဖူလုံရေးကော်မတီမှ တစ်ဆင့်တိုင်ကြား၍အလုပ်သမားများအားလုံးသည် လက်လှမ်းမှီစွာ ပါဝင်ဆင်နွှဲရမည်။

အတည်ပြုသည် ချူချန်ချုံ

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှု၊ အုပ်စု အကြီးအကဲ

ရက်စွဲ ဧပြီ ၂၇ ရက်၊ ၂၀၁၆